United Nations Educational, Scientific and Cultural Organization | Korea Funds-in-Trust

Ministry of the Interior and Safety
National Archives of Korea

United Nations Educational, Scientific and Cultural Organization | Memory of the World

## သတင်းမီဒီယာများအားအသိပေးရှင်းလင်းတင်ပြခြင်း

**ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း (ယူနက်စကို)နှင့် မြန်မာနိုင်ငံ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနတို့သည် ပုဂံဒေသနှင့် နိုင်ငံတဝှမ်းမှ ထူးခြားသမိုင်းဝင်သည့် မှန်ပြားနဂတစ်များမှ ပုံများကို ဒစ်ဂျစ်တယ်စနစ်ဖြင့် မှတ်တမ်းတင်သိမ်းဆည်းရေး၊ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် အများပြည်သူလက်လှမ်းမီကြည့်ရှုလေ့လာနိုင်စေရေးအတွက် ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။**

**၂၀၁၉ ခုနှစ်၊ဇန်နဝါရီလ (၉) ရက် (မြန်မာနိုင်ငံ၊ ရန်ကုန်မြို့)**

*ယူနက်စကိုနှင့် မြန်မာနိုင်ငံ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနတို့သည် 'ပုဂံဓာတ်ပုံမှတ်တမ်းများမော်ကွန်းတိုက်ကို စောင့်ရှောက်ထိန်းသိမ်းခြင်းနှင့် ဒစ်ဂျစ်တယ်စနစ်ဖြင့် မှတ်တမ်းတင်သိမ်းဆည်းခြင်းမှတဆင့် ကပ်ဘေးအလွန်ကာလ ပုဂံရှေးဟောင်းသုတေသနနယ်မြေနှင့် သမိုင်းဝင်စေတီအဆောက်အအုံများ ပြန်လည်ထူထောင်ခြင်းလုပ်ငန်းအား ပံ့ပိုးကူညီရေး (Supporting Post Disaster Recovery of the Bagan Archaeological Area and Monuments through the Preservation and Digitization of the Bagan Photographic Archive)' စီမံကိန်းစတင်သည့် ကနဦးအစည်းအဝေးတစ်ရပ်ကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလ (၁၄) ရက်နေ့တွင် ကျင်းပသွားမည်ဖြစ်သည်။ ကိုရီးယားသမ္မတနိုင်ငံ၏ ရန်ပုံငွေများကို ကိုရီးယားအမျိုးသားမော်ကွန်းတိုက်ဌာနမှတဆင့် ပေးအပ်ထောက်ပံ့မှုဖြင့် ယခုစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်၏။*

### နောက်ခံအကြောင်းခြင်းရာ

ပုဂံရှေးဟောင်းသုတေသနနယ်မြေနှင့် သမိုင်းဝင်နေရာအဆောက်အအုံများသည် ၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်း ပုဂံဒေသအနီးတွင် ဗဟိုပြုလှုပ်ခတ်သွားခဲ့သော ပြင်းအားအဆင့် (၆.၈) ရှိသည့်ငလျင်ကြောင့် ဆိုးဆိုးရွားရွား ထိခိုက်ပျက်စီးခဲ့ရသည်။ ထိုအင်အားပြင်းငလျင်ကြောင့် စူဠာမဏိဂူဘုရား၊ သမုတိဘုရား၊ သဗ္ဗာဝတီ၊ ကျောက်ဂူဥမင်၊ သိကြားပုန်းနှင့် ဂူပြောက်ကြီးတို့ကဲ့သို့သော အရေးအပါဆုံး စေတီပုထိုးအဆောက်အအုံအချို့အပါအဝင် ရှေးဟောင်းဘုရားစေတီအဆူ (၄၀) ကျော် ပျက်စီးသွားခဲ့သည်။

ပုဂံသမိုင်းဝင်စေတီပုထိုး အဆောက်အအုံများပြန်လည်ထူထောင်ရေးလုပ်ငန်းတွင် ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကို အကောင်းဆုံးသောနိုင်ငံတကာကျင့်သုံးမှုများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်မှာ အဓိကကျသော စိန်ခေါ်မှုတစ်ရပ်ဖြစ်၏။ အဆိုပါရှေးဟောင်းနယ်မြေ၏ အစစ်အမှန်ဖြစ်မှု (authenticity) ကို အမှန်တကယ် ထိန်းသိမ်းသွားနိုင်ရေးအတွက်ဖြစ်သည်။ အထူးသဖြင့် မြန်မာအာဏာပိုင်များက ပုဂံအား ယူနက်စကို ကမ္ဘာ့အမွေအနှစ်အဖြစ် အမည်စာရင်းတင်သွင်းရန် အားထုတ်ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ယင်းသည် အလွန်အရေးပါသော ကိစ္စရပ်ဖြစ်သည်။

အဆိုပါကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို လမ်းညွှန်တည့်မတ်ပေးမည့် အရေးပါသော အကိုးအကားတစ်ရပ်မှာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ ဓာတ်ပုံမှတ်တမ်းများ မော်ကွန်းတိုက်ပင်ဖြစ်သည်။ ထိုမော်ကွန်းတိုက်တွင် ပုဂံရှေးဟောင်းသုတေသနနယ်မြေနှင့် သမိုင်းဝင်နေရာအဆောက်အအုံများနှင့် ဆက်နွယ်နေသည့် စေတီပုထိုးအဆောက်အအုံများ၊ ကျောက်ဆစ်ရုပ်များ၊ ပန်းချီကားများနှင့် ဆင်းတုတော်များကို ထင်ဟပ်ဖော်ပြနေသော ၁၉၀၃ ခုနှစ်မှ ၁၉၄၁ ခုနှစ်အတွင်းက ရိုက်ကူးခဲ့သည့် မှန်ပြားနဂ္ဂတစ် ၅,၀၀၀ ကျော်ကို ထိန်းသိမ်းထားရှိသည်။ ၎င်းတို့ထဲတွင် မြန်မာနိုင်ငံတစ်ဝှမ်းမှ ပန်းချီကားများ၊ ပန်းပုရုပ်ထုများနှင့် သမိုင်းဝင်နေရာအဆောက်အအုံများ၏ ပုံများလည်းပါဝင်သည်။ ယင်းသည် နိုင်ငံအတွက်ရော နိုင်ငံတကာအတွက်ပါ အလွန်အရေးပါသည့် ရှားပါးပြီး အဖိုးမဖြတ်နိုင်သော မှတ်တမ်းဓာတ်ပုံများစုဆောင်းထားရှိမှု ဖြစ်သည်။

သို့သော် မှန်ပြားနဂ္ဂတစ်များ၏ ထိခိုက်ပျက်စီးလွယ်သော သဘောသဘာဝနှင့် စိုထိုင်းဆနှင့် အပူချိန်အပြောင်းအလဲကဲ့သို့သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကြောင်းတရားများတို့ကြောင့် ပျက်စီးသွားတော့မည့် အခြေအနေနှင့် ရင်ဆိုင်နေရသည်။ ထို့အပြင် သုတေသနပြုသူများ၊ လုပ်ငန်းခွင်မန်နေဂျာများ သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်သူများအတွက် အရေးပါသောအဆိုပါမှတ်တမ်းများကို ကြည့်ရှုလေ့လာကိုးကားနိုင်မည့် လွယ်လင့်တကူ ရှာဖွေနိုင်သော ဒေတာဘေ့စ်လည်းမရှိပေ။

၎င်းမှန်ပြားနဂ္ဂတစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်၊ ဒစ်ဂျစ်တယ်စနစ်ဖြင့် မှတ်တမ်းတင်သိမ်းဆည်းရန်နှင့် အများပြည်သူ လက်လှမ်းမီကြည့်ရှုလေ့လာနိုင်စေရန်အတွက် ယူနက်စကိုက 'ပုဂံဓာတ်ပုံမှတ်တမ်းမော်ကွန်းတိုက်များကို စောင့်ရှောက်ထိန်းသိမ်းခြင်းနှင့် ဒစ်ဂျစ်တယ်စနစ်ဖြင့် မှတ်တမ်းတင်သိမ်းဆည်းခြင်းမှတဆင့် ကပ်ဘေးအလွန်ကာလ ပုဂံရှေးဟောင်းသုတေသနနယ်မြေနှင့် သမိုင်းဝင်စေတီပုထိုးအဆောက်အအုံများ ပြန်လည်ထူထောင်ခြင်းလုပ်ငန်းကို ပံ့ပိုးကူညီရေး' စီမံကိန်းအားရေးဆွဲခဲ့ပြီး၊ ကိုရီးယားအမျိုးသားမော်ကွန်းတိုက်က ပံ့ပိုးမှုကို ယူနက်စကို/ကိုရီးယား Funds-In-Trust ပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်မည်ဖြစ်သည်။ သုံးနှစ်တာကြာမြင့်မည့် အဆိုပါစီမံကိန်းသည် ပုဂံမှတ်တမ်းဓာတ်ပုံများ မော်ကွန်းတိုက်ကို ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ဒစ်ဂျစ်တယ်စနစ်ဖြင့် မှတ်တမ်းတင် သိမ်းဆည်းရေး လုပ်ငန်းနှင့်သက်ဆိုင်သော သာသနာရေးနှင့် ယဉ်ကျေးမှုဦးစီးဌာန၏ လုပ်ရှားဆောင်ရွက်မှုများကို ပံ့ပိုးကူညီပေးမည်ဖြစ်ပြီး ကပ်ဘေးအလွန်ကာလ ပုဂံရှေးဟောင်းသုတေသနနယ်မြေနှင့် သမိုင်းဝင်နေရာ အဆောက်အအုံများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကို တိုက်ရိုက်အထောက်အကူပြုသွားမည်ဖြစ်သည်။ စီမံကိန်းတွင် ဆန်းစစ်လေ့လာသုံးသပ်မှုများလုပ်ဆောင်ခြင်း၊ ရှေးဟောင်းသုတေသနဦးစီးဌာနနှင့် အခြားသော မော်ကွန်းမှတ်တမ်းများကို ထိန်းသိမ်းသည့် အဖွဲ့အစည်းများမှ ဝန်ထမ်းများကို စွမ်းရည်မြှင့်တင်သည့် သင်တန်းများပေးခြင်းတို့ ပါဝင်သည်။

စီမံကိန်းတွင် ပါဝင်ပတ်သက်သူများအပြင် အများပြည်သူကို မိတ်ဆက်တင်ပြရန်အတွက် ယူနက်စကိုသည် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် ပူးပေါင်းကာ ကနဦးစီမံကိန်းအစည်းအဝေးကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလ (၁၄) ရက်နေ့တွင် ရန်ကုန်မြို့ အင်လျားလိတ်ဟိုတယ်၌ စီစဉ်ကျင်းပပြုလုပ်သွားမည်ဖြစ်၏။

United Nations Educational, Scientific and Cultural Organization | Korea Funds-in-Trust

Ministry of the Interior and Safety
National Archives of Korea

United Nations Educational, Scientific and Cultural Organization | Memory of the World

**အကြောင်းအရာ။** ။ 'ပုဂံဓာတ်ပုံမှတ်တမ်းများ မော်ကွန်းတိုက်ကို စောင့်ရှောက်ထိန်းသိမ်းခြင်းနှင့် ဒစ်ဂျစ်တယ်စနစ်ဖြင့်မှတ်တမ်းတင် သိမ်းဆည်းခြင်းမှတဆင့် ကပ်ဘေးအလွန်ကာလ ပုဂံရှေးဟောင်းသုတေသနနယ်မြေနှင့် သမိုင်းဝင်စေတီပုထိုး အဆောက်အအုံများ ပြန်လည်ထူထောင်ခြင်းလုပ်ငန်းကို ပံ့ပိုးကူညီရေး (Supporting Post Disaster Recovery of the Bagan Archaeological Area and Monuments through the Preservation and Digitization of the Bagan Photographic Archive)' စီမံကိန်းစတင်ခြင်းအခမ်းအနား။

**အချိန်။** ။ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ (၁၄) ရက်၊ တနင်္လာနေ့ ။

စီမံကိန်းစတင်ခြင်း အစည်းအဝေး - ၉း၃၀ - ၁၅း၃၀

သတင်းစာရှင်းလင်းပွဲ ကျင်းပမည့်အချိန် - ၁၀း၀၀ - ၁၀း၂၀

**နေရာ။** ။ အင်းလျားလိတ်ဟိုတယ်၊ အမှတ်(၃၇)၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့။

。 အစည်းအဝေးတက်ရောက်မည့် ပုဂ္ဂိုလ်များ။ ။ ပညာရှင်များ၊ မူဝါဒရေးဆွဲချမှတ်သူများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုစုပေါင်း (၃၀) ဦးခန့်

*အခမ်းအနားသို့ စိတ်ပါဝင်စားသော သတင်းမီဒီယာများ ပါဝင်တက်ရောက်မှုကိုကြိုဆိုပါသည်။*


သတင်းမီဒီယာများတက်ရောက်မည်ဆိုပါက ဆက်သွယ်အကြောင်းကြားရန်

ဒေါ်ကျော်ဉမ္မာအောင်

အီးမေးလ် - kyaw@myanmar2go.com

ဖုန်း - 09 421179073

စီမံကိန်းနှင့်ပတ်သက်သည့် မေးမြန်းစုံစမ်းမှုများအတွက် ဆက်သွယ်ရန်

ဒေါ်နိုင်နိုင်အေး

အီးမေးလ် - nn.aye@unesco.org

ဖုန်း - 095080410



For more information about UNESCO, visit our website at https://bangkok.unesco.org/index.php/unesco-myanmar or follow us on Facebook @UNESCOAsiaPacific and Twitter @UNESCOAsiaPac